# အကဲဖြတ်ခြင်းများအတွက် မိဘလမ်းညွှန်

## သင်ကြားမှုမဟာဗျူဟာများ ရွှေ (TS Gold)

အကဲဖြတ်စစ်ဆေးမှုများသည် ကျောင်းသားများ၊ မိဘများနှင့် ဆရာများကို ကျောင်းသားများ ၂၁ ရာစုအတွက် အတန်းအဆင့်စံချိန်စံညွှန်းများကို တတ်ကျွမ်းမှုရှိမရှိနှင့် ဘွဲ့ယူရန်လမ်းကြောင်းပေါ်ရှိမရှိ စသောတန်ဖိုးရှိသော အချက်အလက် များကိုပေးသည်။ ဤအကဲဖြတ်စစ်ဆေးမှု ရလဒ်များသည် သင့်ကလေး၏ပညာရေးတိုးတက်မှုကို သက်သေပြမှုရာတွင် အတိုင်းအတာတစ်ခုကို ပေးရန်ရည်ရွယ်သည်။

## ဤအကဲဖြတ်စစ်ဆေးမှုဟာဘာပါလဲ?

သင်ကြားမှုမဟာဗျူဟာများ (TS) ရွှေ သည် မူကြိုနှင့် သူငယ်တန်း ကျောင်းသားများအတွက် စဉ်ဆက်မပြတ် ဂရုစိုက်လေ့လာမှုကို အခြေခံသော အကဲဖြတ်စစ်ဆေးခြင်း တစ်ခုဖြစ်သည်။ ဆရာများသည် ကလေးများကို လူမှုရေးရာ စိတ်ခံစားမှုဆိုင်ရာ၊ ကာယဆိုင်ရာ၊ ဘာသာစကား၊ သိမြင်ခြင်းဆိုင်ရာ၊ စာတတ်မြောက်မှုနှင့် သင်္ချာ (သက်ဆိုင်ပါက အင်္ဂလိပ်စာတတ်မြောက်မှု) တို့ဖြစ်သော သင်ယူမှုနှင့် ဖွံ့ဖြိုးမှုနေရာ ၆ နေရာတို့တွင် သူတို့သိသည့်အရာနှင့် လုပ်နိုင်သည့်အရာ၊ သူတို့၏ စွမ်းအားများ၊ လိုအပ်ချက်များနှင့် စိတ်ဝင်စားမှုများကို ဆုံးဖြတ်နိုင်ရန် သူတို့၏နေ့စဉ်အတွေ့အကြုံများ၏ ကိုးကားချက်ကို ဂရုစိုက်လေ့လာသည်။ TS ရွှေသည် ပြည်နယ်၏လိုအပ်ချက်ဖြစ်သော ကနဦး အကဲဖြတ်စစ်ဆေးခြင်း အသင့်ဖြစ်မှုနှင့် ကိုက်ညီသည်။

## ကျွန်ုပ်၏ကလေးကို ဘယ်တော့စစ်ဆေးပါမည်လဲ?

မူကြိုကျောင်းသားတစ်ယောက်စီကို စဉ်ဆက်မပြတ် ဂရုစိုက်လေ့လာပြီး သင့်ကလေး၏ ဆရာမှ စုဆောင်းထားသော ဒေတာကို တစ်နှစ်လျှင် ၃ ကြိမ် ပြည်နယ်စစ်ဆေးမှုကာလ ကုန်ဆုံးချိန်များ၌ အပြီးသတ်ပေးမည်။ သူငယ်တန်း ကျောင်းသားများကို ကျောင်း၏ ပထမရက် ၆၀ အတွင်း၌ စဉ်ဆက်မပြတ် ဂရုစိုက်လေ့လာပြီး ဒေတာကို ပထမ ပြည်နယ်စစ်ဆေးမှု၌ တစ်ကြိမ် အပြီးသတ်ပေးမည်။ ကျောင်းများသည် ကျန်ရှိသော နှစ်အပိုင်းတစ်လျှောက်၌ သူငယ်တန်း ကျောင်းသားများ၏ တိုးတက်မှုကို စောင့်ကြည့်ခြင်းအတွက် TS ရွှေကို ဆက်လက်အသုံးပြုလိုသည် မလိုသည်ကို ဆုံးဖြတ်နိုင်သည်။ ၎င်းသည် ဂရုစိုက်လေ့လာမှုကို အခြေခံသော ပုံစံတစ်ခုဖြစ်သောကြောင့် ဤအကဲဖြတ်မှုကို စီမံပြုလုပ်ရန် ညွှန်ကြားချက်ပေးချိန် မလိုအပ်ပါ။

**စစ်ဆေးမှုကာလ ကုန်ဆုံးချိန်များ**

အောက်တိုဘာ

ဇန်နဝါရီ

မေလ

## ကျွန်ုပ်၏ကလေး ဘာအမှတ်(များ)ရမှာလဲ?

အကဲဖြတ်စစ်ဆေးခြင်း ရလဒ်များသည် သင့်ကျောင်းသားသည် စံချိန်စံညွှန်းတစ်ခုစီ အတွင်း၌ အယူအဆနှင့် ကျွမ်းကျင်မှုများကို မည်မျှကောင်းစွာ သင်ယူနိုင်သည့် အရေးကြီးသော တိုင်းတာမှုများကို ပေးနိုင်သောကြောင့် သင့်ကလေးသည် သူ(သို့)သူမ၏ လက်ရှိအဆင့်တွင် အောင်မြင်နိုင်ပြီး တစ်နှစ်ပြီးတစ်နှစ် ပညာရေးအောင်မြင်မှုကို ဆက်လက်လုပ်ဆောင်နိုင်မည် ဖြစ်သည်။

TS ရွေ့၌ ဖွံ့ဖြိုးမှုနှင့်သင်ယူမှု အစဉ်အဆက် တစ်ခုပေါ်တွင် သင့်ကလေး၏ အဆင့်ကို တန်ဖိုးတစ်ခုသတ်မှတ်ရန် အဆင့်စကေးတစ်ခုကို အသုံးပြုသည်။ ၎င်းသည် ထိုကလေးအား သူ၏အသက် (သို့) အတန်း/အဆင့်အလိုက် သုတေသနအခြေခံသော မျှော်လင့်ချက်များထက် နိမ့်၍၊ ကိုက်ညီ၍ (သို့) သာလွန်၍ ပြုလုပ်နိုင်သည့် သတ်မှတ်ချက် တစ်ခုအတွင်း၌ ထားရှိနိုင်စေသည်။

## ဤအမှတ်များကိုဘယ်လိုအသုံးချရမလဲ?

TS ရွှေ့ အကဲဖြတ်စစ်ဆေးခြင်း အမှတ်များကို သင့်ကလေး၏ဆရာသည် သင့်ကလေးသိသည့်အရာ၊ လုပ်နိုင်သည့်အရာနှင့် ယင်းတို့သည် ဖွံ့ဖြိုးမှုနှင့် သင်ယူမှုအတွက် အရေးကြီးသော ရည်ရွယ်ချက်များအား မည်သို့ဆက်နွယ်ပုံတို့ကို ဆုံးဖြတ်ပေးရန် အသုံးပြုသည်။ ဆရာများသည် သင့်ကလေးအတွက် သင်ယူမှုပြမ်းကိုလည်း ဆင်ပေးနိုင်ပြီး ဤအကဲဖြတ်စစ်ဆေးခြင်းမှ ရရှိသော အချက်အလက်များနှင့် တိုးတက်မှုကို စစ်ဆေးနိုင်သည်။ သင့်ကလေး၏အမှတ်များကို မိဘဆရာ ညှိနှိုင်းဆွေးနွေးပွဲများတွင် သင်နှင့်ဝေမျှပေးမည်။ ကနဦးပညာရေး စင်တာများသည် မူကြို TS ရွှေ့ အမှတ်များကို ကျောင်းစွမ်းဆောင်မှု မူဘောင်တာဝန်ယူမှု အတိုင်းအတာ၏ အစိတ်အပိုင်းအနေနှင့် အသုံးပြုသည်။

## ထပ်တိုးအချက်အလက်များ

ကျွန်ုပ်တို့သည် သင့်အား သင့်ကလေး၏ပညာရေးတွင် ပါဝင်ရန်တိုက်တွန်းသည်။ သင့်ကလေးကို အိမ်တွင်ကူညီရန် နှင့် စစ်ဆေးသည့် နေရာထိုင်ခင်းများ ရနိုင်မှုရန် နည်းလမ်းများအတွက် သင့်ကလေး၏ ဆရာကိုဆက်သွယ်ရန် ဝန်မလေးပါနှင့်

**နောက်ထပ် အချက်အလက်များ - အကဲဖြတ်စစ်ဆေးခြင်းများ**
ဝင်ရောက်ပါ -

- http://assessments.dpsk12.org

အကဲဖြတ်မှုများနှင့်ပတ်သက်၍ သင့်ထံတွင်မေးခွန်း (သို့) ပူပန်စရာများရှိပါက သင့်ကလေး၏ကျောင်းကို တိုက်ရိုက်ဆက်သွယ်ပါ (သို့) မိသားစု ရွေးကောက်တင်မြှောက်သူ ဝန်ဆောင်မှုများ(၇၂၀) ၄၂၃-၃၀၅၄ သို့ခေါ်ဆိုပါ။